## မာတိကာ


- စီစဉ်သူ၏ ကျေးဇူးစကား
- ဘာသာပြန်သူ၏ အမှာစကား
- မူရင်းစာရေးသူ၏ အမှာစာ
- မူရင်းစာအုပ်ပါ အမှာစာ

၁။ မြန်မာနိုင်ငံ၏ နိုင်ငံရေး ဘောဂဗေဒ ဖွံ့ဖြိုးတိုးတက်မှု နှစ်အလိုက်မှတ်တမ်း (ခြုံငုံသုံးသပ်ချက်)

၂။ ပါလီမန် ဒီမိုကရေစီခေတ် (၁၉၄၈-၁၉၆၂)

၃။ စစ်အုပ်ချုပ်ရေးအောက်မှ ဆိုရှယ်လစ်ခေတ် (၁၉၆၂-၁၉၈၈)၊ မေခရို စီးပွားရေးနှင့် ပြည်ပကုန်သွယ်မှုကဏ္ဍ ဆောင်ရွက်မှု အခြေအနေ

၄။ စစ်အုပ်ချုပ်ရေးအောက်မှ ဆိုရှယ်လစ်ခေတ် (၁၉၆၂-၁၉၈၈)၊ ကဏ္ဍအလိုက်နှင့် လူမှုရေး တိုးတက်ဖွံ့ဖြိုးမှုများ

၅။ ၁၉၈၈ နောက်ပိုင်း စစ်အုပ်ချုပ်ရေးအောက်မှ ဈေးကွက်အခြေပြု စီးပွားရေးစနစ်၊ မေခရို စီးပွားရေးနှင့် ပြည်ပကုန်သွယ်ရေး စွမ်းဆောင်ချက်များ

၆။ စစ်အုပ်ချုပ်ရေးကာလ၏ ဈေးကွက်အခြေခံသော စီးပွားရေးစနစ် (၁၉၈၈-၂၀၀၀)၊ ကဏ္ဍအလိုက်နှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများ

၇။ နိဂုံး

- နောက်ဆက်တွဲဇယားများ
- ကျမ်းကိုးစာရင်း


နောက်ဆုံးတွင်မှ ရေးသား မထုတ်ဝေခဲ့ကြသေးသည့် စစ်ပြီးကာလ မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးမှု အခြေအနေကို ပါမောက္ခမြတ်သိန်း၏ ဦးဆောင်ဖော်ထုတ် ရေးသားပေးသော ကျေးဇူးကြောင့် ကျွန်ုပ်တို့ လက်လှမ်းမီ သိခွင့်ရလိုက်ပေပြီ။ စာရေးသူသည် ရှုပ်ထွေးနေသည့် စီးပွားရေးစနစ် အဆင့်ဆင့် ပြောင်းလဲလာပုံကို နှစ်ကာလ အစဉ်အလိုက် ပြည့်စုံစွာ ဖော်ထုတ်တင်ပြထားသည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဆန်းစစ်သည့် စာအုပ်သစ်များစွာ ထဲတွင် ဤစာအုပ်မှာ တန်ဖိုးရှိလှသော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပေသည်။ စာရေးသူ၏ ရေးဖွဲ့ဟန်ကျကျ ရှင်းကာ၍ ရှင်းလင်း ပြတ်သားစွာ တင်ပြထားမှုကြောင့် ဤစာအုပ်သည် စိတ်ဝင်စားစရာလည်း ကောင်းလှသလို ထိုးဖောက်မြင်နိုင်စွမ်းကိုလည်း ပေးစွမ်းနိုင်ပေသည်။

*Mohamed Ariff*
Malaysian Institute of Economic Research

ပါမောက္ခမြတ်သိန်းသည် မြန်မာနိုင်ငံ၏ ၂၀ ရာစုနောက်ပိုင်း ကာလအတွင်း အလိုအပ်ဆုံးဖြစ်သည့် နိုင်ငံရေး ဘောဂဗေဒစာအုပ်ကို ရေးသား ပြုစုခဲ့သည်။ ယင်းစာအုပ်သည် အစိုးရ အဆက်ဆက် အကန့်အသတ်ဖြင့်သာ အောင်မြင်မှုရရှိခဲ့ပုံ၊ စိတ်မချမ်းမြေ့စရာ ဖြစ်ခဲ့ရပုံများကို မှုမှုတတနှင့် ကျွမ်းကျင်နိုင်နင်းစွာ လေ့လာရေးသားထားသည်။ ရွေးချယ်စရာ အခွင့်အလမ်းများစွာ မှုန်နေသည့် နိုင်ငံတစ်နိုင်ငံ၏ အခြေအနေကို နားလည်သဘောပေါက်လိုသူများအတွက်လည်း ကိုးကားစရာအကောင်းဆုံး စာအုပ်တစ်အုပ် ဖြစ်သည်။ စီးပွားရေးနယ်ပယ်အတွက် အရေးပါသည့် ပံ့ပိုးဖြည့်ဆည်းမှုတစ်ရပ်ပါပေ။

*David O. Dapice*
John F. Kennedy School of Government, Cambridge, M.A

ပါမောက္ခမြတ်သိန်းသည် မြန်မာနိုင်ငံ၏ ရှုပ်ထွေးလှသည့် စီးပွားရေးသမိုင်းကြောင်းနှင့် ခေတ်ပြိုင်ဖြစ်ရပ်များကို တခြားသူတို့ နားလည်စေရေးအတွက် ကြီးမားသော ဖြည့်ဆည်းမှုတစ်ရပ်ကို ပြုခဲ့ပေသည်။ သူ့စာအုပ်သည် နိုင်ငံက ရင်ဆိုင်ခဲ့ရသည့် ပြဿနာများကို ရှင်းလင်းစွာ တင်ပြထားသလို သူ့ဆန်းစစ်ချက်များကြောင့် ဤစာအုပ်မှာ လူသိနည်းလှသေးသော နိုင်ငံအကြောင်း ဖတ်ရှုလိုသူများ၏ စာအုပ်စာရင်းတွင် ပါဝင်သင့်သော စာအုပ်တစ်အုပ်ဖြစ်လာပေသည်။

*David I. Steinberg*
Georgetown University, Washington, DC

မိမိဘာသာ တံခါးပိတ်ထား ကျင့်သုံးလာခဲ့သော မြန်မာနိုင်ငံသည် နိုင်ငံတကာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို အနေးနှင့်အမြန် ဆိုသလို ပြန်လည်ဖွင့်လှစ်ပေးရပေတော့မည်။ မြန်မာ့စီးပွားရေး နောက်ခံအကြောင်းကို ထဲထဲဝင်ဝင် နားလည်လိုသူများမှာ ယခုအချိန်တွင်ပင် အတော်အတန် များပြားနေသည်ဖြစ်ရာ ထိုကာလသို့ရောက်လျှင် ပိုမို၍ပင် များပြားလာနိုင်ပေသည်။ ထိုလိုအပ်ချက်ကို ပါမောက္ခမြတ်သိန်း၏ စာအုပ်က ဖြည့်ဆည်းပေးထားသည်။ သို့ရာတွင် ဤစာအုပ်မှာ မြန်မာ့စီးပွားရေးမိတ်ဆက်အဆင့်ထက် များစွာတန်ဖိုးရှိနေပေသည်။ စာရေးသူသည် မိမိ၏ ပညာရပ်ဆိုင်ရာ ထိုးထွင်းသိမြင် နှံ့စပ်မှုဖြင့် ခေတ်သစ် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါလှသော ပြဋ္ဌာန်းစာအုပ်တစ်အုပ်ကို အမှန်ပင် ရေးသား ဖန်တီးနိုင်ခဲ့ပေပြီ။

*John Wong*
East Asian Institute, Singapore